ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

# ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် Standard Operating Procedures ထုတ်ပြန်ခြင်း

သတင်းလွှာ ( ၇ /၂၀၁၉ )

ရက်စွဲ ၊၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက်

အကြောင်းအရာ။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ (Certificates of Origin – CO Form) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် Standard Operating Procedures (SOP) ထုတ်ပြန်ခြင်း**

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံက ပါဝင်အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် လွတ်လပ်သောကုန်သွယ်မှုဒေသများ (Free Trade Area – FTAs) အရသော်လည်းကောင်း၊ တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့် အစီအစဉ်များ (Preferential Trading Agreements – PTAs) အရသော်လည်းကောင်း ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များကို စိစစ်ခွင့်ပြုထုတ်ပေးခြင်းအတွက် ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာများ၊ အမိန့်ကြော်ငြာစာများအား အခါအားလျော်စွာ ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် ပြောင်းလဲလာသော ကုန်သွယ်မှုဝန်းကျင်နှင့် လျော်ညီစွာ ဆောင်ရွက်နိုင်ရေးအတွက် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခြင်းဆိုင်ရာ Standard Operating Procedures (SOP) အား ပူးတွဲပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန

ပူးတွဲအစ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

(ဒေသတွင်းစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဌာနခွဲ)

# ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားခြင်းဆိုင်ရာ

# Standard Operating Procedures (SOP)

၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ( ) ရက်

ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် (Certificate of Origin-CO) လျှောက်ထားခြင်းအတွက် လုပ်ငန်းရှင်များအသုံးပြုရန် Standard Operating Procedures (SOP)

၁။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးခွင့်ရှိသည့် အာဏာပိုင်**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန

၂။ **အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် လျှောက်ထားနိုင်သည့် နေရာများ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး(ပို့ကုန်သွင်းကုန်ရုံး(ရန်ကုန်)၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာပူးပေါင်းအဖွဲ့ရုံး(ရန်ကင်း)၊သီလဝါအထူးစီးပွားရေးဇုန်)နှင့် ကုန်သွယ်ရေးစခန်း(၁၄)ခု (မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ တမူး၊ ရိဒ်၊ ထီးခီး၊ ကျိုင်းတုံ၊ မယ်စဲ့နှင့် မောတောင်)

၃။ **စိစစ်ခွင့်ပြုထုတ်ပေးသည့် အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

(က) **တစ်ဖက်သတ်အကောက်ခွန်သက်သာ/ ကင်းလွတ်ခွင့် အစီအစဉ်များအရ ခွင့်ပြုထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ**

| စဉ် | အစီအစဉ် | အကျုံးဝင်သည့်နိုင်ငံများ | ပုံစံအမျိုးအစား |
|---|---|---|---|
| (၁) | ဖွံ့ဖြိုးပြီးနိုင်ငံများမှ တစ်ဖက်သတ်ပေးသောအကောက်ခွန်သက်သာခွင့်အစီအစဉ် (Generalized System of Preferences - GSP) | ဩစတြေးလျ၊ ဘီလာရုစ်၊ ကနေဒါ၊ ဥရောပသမဂ္ဂ (၂၈) နိုင်ငံ၊ အိုက်စ်လန်၊ ဂျပန်၊ ကာဇက်စတန်၊ နယူးဇီလန်၊ နော်ဝေ၊ ရုရှား၊ ဆွစ်ဇာလန်၊ တူရကီ၊ အမေရိကန်၊ (စုစုပေါင်းနိုင်ငံ- ၄၀) | **Form A** |
| (၂) | LDCs နိုင်ငံများအတွက် ကိုရီးယားနိုင်ငံကတစ်ဖက်သတ်ပေးသော | ကိုရီးယားနိုင်ငံ | **Form Korea** |

| စဉ် | အစီအစဉ် | အကျိုးဝင်သည့်နိုင်ငံများ | ပုံစံအမျိုးအစား |
|---|---|---|---|
| | အကောက်ခွန်သက်သာကင်းလွတ်ခွင့်အစီအစဉ် | | |
| (၃) | LDCs နိုင်ငံများအတွက် အိန္ဒိယနိုင်ငံက တစ်ဖက်သတ်ပေးသော အကောက်ခွန်သက်သာကင်းလွတ်ခွင့်အစီအစဉ် (Duty Free Tariff Preference DFTP Scheme) | အိန္ဒိယနိုင်ငံ | **Form DFTP** |
| (၄) | LDCs နိုင်ငံများအတွက် တရုတ်နိုင်ငံကတစ်ဖက်သတ်ပေးသော အကောက်ခွန် သက်သာကင်းလွတ်ခွင့်အစီအစဉ် (Duty Free Treatment granted by China) | တရုတ်နိုင်ငံ | **Form China** |

(ခ) လွတ်လပ်သော ကုန်သွယ်မှုဒေသများအရ ထုတ်ပေးလျက်ရှိသော ခွင့်ပြုထုတ်ပေးလျက်ရှိသည့် ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ

| စဉ် | အစီအစဉ် | အကျိုးဝင်သည့်နိုင်ငံများ | ပုံစံအမျိုးအစား |
|---|---|---|---|
| (၁) | အာဆီယံလွတ်လပ်သောကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံ | **Form D** |
| (၂) | အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် တရုတ်နိုင်ငံ | **Form E** |
| (၃) | အာဆီယံ-ကိုရီးယားလွတ်လပ်သောကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ကိုရီးယားနိုင်ငံ | **Form AK** |

| စဉ် | အစီအစဉ် | အကျိုးဝင်သည့်နိုင်ငံများ | ပုံစံအမျိုးအစား |
|---|---|---|---|
| (၄) | အာဆီယံ-ဂျပန် လွတ်လပ်သော ကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ဂျပန်နိုင်ငံ | **Form AJ** |
| (၅) | အာဆီယံ-ဩစတြေးလျ၊နယူးဇီလန် လွတ်လပ်သော ကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ဩစတြေးလျ၊ နယူးဇီလန် | **Form AANZ** |
| (၆) | အာဆီယံ-အိန္ဒိယလွတ်လပ်သော ကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် အိန္ဒိယနိုင်ငံ | **Form AI** |
| (၇) | အာဆီယံ- ဟောင်ကောင် (တရုတ်) လွတ်လပ်သောကုန်သွယ်မှုဒေသ | အာဆီယံအဖွဲ့ဝင် (၁၀) နိုင်ငံနှင့် ဟောင်ကောင် (တရုတ်) နိုင်ငံ | **Form AHK** |

၄။ **ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်လျှောက်ထားနိုင်သူများ**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနတွင် ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်အဖြစ် မှတ်ပုံတင်ထားသူဖြစ်ရမည်။

၅။ **လျှောက်ထားအသုံးပြုနိုင်သည့် စနစ်များ**

Online CO Application System ဝန်ဆောင်မှုရရှိသည့် ရုံးများနှင့် ကုန်သွယ်ရေးစခန်းများတွင် Online မှတစ်ဆင့်လျှောက်ထားနိုင်ပြီး၊ ကျန်နေရာများတွင် Manual စနစ်ဖြင့် လျှောက်ထားရယူနိုင်သည်။ Online CO Application System ဖြင့်လျှောက်ထားလိုသူများသည်အင်တာနက်ရရှိသည့်မည်သည့်နေရာမှမဆို http://onlineco.myanmartradenet.com Link မှ ဝင်ရောက်လျှောက်ထားနိုင်သည်။

၆။ **အကျိုးဝင်သည့်နိုင်ငံနှင့် ကုန်စည်**

(က) ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်များ လျှောက်ထားရာတွင် တင်ပို့ရောင်းချမည့် ကုန်တင်သွင်းနိုင်ငံသည် တစ်ဖက်သတ်အကောက်ခွန်သက်သာခွင့်အခွင့်အရေး

ပေးသည့်နိုင်ငံ (သို့)လွတ်လပ်သောကုန်သွယ်မှုဒေသအလိုက် စာချုပ်ဝင်နိုင်ငံဖြစ်ရမည်။

(ခ) တင်ပို့သောကုန်စည်သည် နိုင်ငံအလိုက် သက်ဆိုင်ရာအစီအစဉ်များတွင် အကျုံးဝင်သည့် ကုန်စည်ဖြစ်ရမည်။ တစ်ဖက်သတ်အစီအစဉ်များအရ အကောက်ခွန်သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်လျှောက်ထားခွင့်မရှိပါ။သို့သော်လွတ်လပ်သော ကုန်သွယ်မှုဒေသများအရ အကောက်ခွန်သက်သာကင်းလွတ်ခွင့်မပြုသည့် ကုန်စည်စာရင်းမှ ကုန်စည်များကို ပေါင်းစပ်တွက်ချက်ခြင်းအတွက် ရည်ရွယ်၍ လျှောက်ထားရယူနိုင်သည်။

(ဂ) ယေဘုယျအားဖြင့် တင်ပို့ကုန်စည်၏ FOB တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၀၀ အောက်နည်းပါက CO Form လျှောက်ထားရန် မလိုအပ်ပါ။

(ဃ) ကုန်စည် တင်ပို့ပြီးနောက် တစ်နှစ်အတွင်းလာရောက် လျှောက်ထားသော ကုန်စည်အတွက်သာ CO Form လာရောက်လျှောက်ထားနိုင်သည်။

(င) သက်ဆိုင်ရာအရာထမ်း၏ ကနဦးစိစစ်ချက်အရ တင်ပို့မည့်ကုန်စည်သည် သက်ဆိုင်ရာစည်းမျဉ်းများနှင့်ကိုက်ညီမှုမရှိပါကလျှောက်ထားမှုကိုငြင်းဆိုခံရနိုင်သည်။

၇။ **CO Form လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

**(ဥပမာ- ATIGA Form D)**

CO Form အား ဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာ ဖြည့်စွက်၍ အောက်ပါစာရွက်စာတမ်းများနှင့်အတူပူးတွဲတင်ပြရမည်-

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့်ထွက်ကုန်ဖြစ်ကြောင်းခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက် “Certificate of Product Registration”၊

(ဂ) ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား (Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာ (Invoice) (မိတ္တူ)

မှတ်ချက်။ ။စာရွက်စာတမ်းများသည် မိတ္တူမှန်ဖြစ်ကြောင်းနှင့် CO ပေါ်တွင် Board of Director List ၌ ပါဝင်သူတစ်ဦးဦးမှ မှန်ကန်ကြောင်း လက်မှတ်ထိုးရမည်။

၈။ **အခြားCO Form လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

CO Form အားဖျက်ရာပြင်ရာမပါရှိဘဲ အင်္ဂလိပ်ဘာသာဖြင့် ပြည့်စုံစွာဖြည့်စွက်၍ အောက်ပါ စာရွက်စာတမ်းများကိုပူးတွဲတင်ပြရမည်-

(က) ရာနှုန်းပြည့်ထုတ်ကုန်များအတွက် ရာနှုန်းပြည့်ထွက်ကုန်ဖြစ်ကြောင်းခံဝန်ချက်၊

(ခ) စက်မှုထုတ်ကုန်များအတွက်-

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သောကုန်ကြမ်းများ၏ HS Code (6-Digit Level) နှင့် ကုန်ချော၏ HS Code (6-Digit Level)ကိုဖော်ပြရန်၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြရန်၊ (လိုအပ်ပါကကုန်စည်၏ ဓာတ်ပုံတင်ပြရန်)

(ဂ) ပို့ကုန်ကြေငြာလွှာ (မူရင်းနှင့်မိတ္တူ)

(ဃ) သင်္ဘောတင်အထောက်အထား (Bill of Lading) (မိတ္တူ)

(င) အရောင်းပြေစာ (Invoice) (မိတ္တူ)

၉။ **ATIGA Form-Dလျှောက်ထားမည့်စက်မှုထုတ်ကုန် (အဝတ်အထည်) များအတွက် စက်မှုထုတ်ကုန်ပစ္စည်းမှတ်ပုံတင်လျှောက်ထားခြင်း**

(က) **လျှောက်ထားရာတွင် ပူးတွဲတင်ပြရမည့် စာရွက်စာတမ်းများ**

(၁) ကုန်စည်တစ်ယူနစ်အတွက် Cost Statement တွက်ချက်မှုဖော်ပြချက်၊

(၂) ပါဝင်ထုတ်လုပ်သောကုန်ကြမ်းများ၏ HS Code (6-Digit Level) နှင့် ကုန်ချော၏ HS Code (8-Digit Level)ကိုဖော်ပြချက် ၊

(၃) ထုတ်လုပ်မှုလုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည့် စာရွက်စာတမ်းများတင်ပြချက်၊ (လိုအပ်ပါကကုန်စည်၏ဓာတ်ပုံတင်ပြရန်)

(၄) ကုန်ကြမ်းများအတွက် သွင်းကုန်ကြေငြာလွှာ (မိတ္တူ)

(၅) အရောင်းပြေစာ (Invoice) (မိတ္တူ)

မှတ်ချက်။ လိုအပ်ပါက အရောင်းအဝယ် စာချုပ်တင်ပြရမည်။

(ခ) ခွင့်ပြုထုတ်ပေးခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်

(၁) ပူးတွဲစာရွက်စာတမ်းများအား စစ်ဆေးပြီး၊ မှန်ကန်မှုရှိပါက စက်မှုဝန်ကြီးဌာနအောက်ရှိ Cost Sheet စိစစ်ထောက်ခံချက်ပေးရေးအဖွဲ့သို့ ဌာန၏ ကနဦးစိစစ်ချက်နှင့်အတူဆက်လက်ပေးပို့မည်။

(၂) Cost Sheet စိစစ်ထောက်ခံချက်ပေးရေးအဖွဲ့မှ ထောက်ခံချက်ရရှိပါက ကုန်သွယ်ရေးဦးစီးဌာနက "Certificate of Product Registration" ကို စိစစ်၍ သက်တမ်းတစ်နှစ်ဖြင့် အတည်ပြုထုတ်ပေးမည်။

၁၀။ **CO Formပေါ်တွင် ဖြည့်စွက်ရမည့် ယေဘုယျအချက်အလက်များ**

**(ဥပမာ-ATIGA Form D)**

(က) **ပုံစံပေါ်ရှိအကွက်များအလိုက် ဖြည့်စွက်ရမည့် ယေဘုယျအချက်အလက်များ**

| စဉ် | Boxes | ဖြည့်စွက်ရမည့် အကြောင်းအရာများ |
|---|---|---|
| (၁) | Box-1 | ကုန်တင်ပို့သူ (Exporter) ၏ လုပ်ငန်းအမည်နှင့် လိပ်စာ၊ |
| (၂) | Box-2 | ကုန်လက်ခံမည့်သူ၏ အမည်နှင့်လိပ်စာ၊ |
| (၃) | Box-3 | ထွက်ခွာသည့်နေ့စွဲ၊ ကုန်စည်သယ်ယူမည့်ယာဉ်အမည်၊ ကုန်ချမည့်ဆိပ်ကမ်း။ |
| (၄) | Box-4 | ကုန်တင်သွင်းနိုင်ငံ၏ သက်ဆိုင်ရာအာဏာပိုင်မှ အသုံးပြုရန်၊ |
| (၅) | Box-5 | ကုန်စည်အမျိုးအစားအလိုက် နံပါတ်များ၊ |
| (၆) | Box-6 | အထုတ်များတွင်ပါရှိသောအမှတ်အသားနှင့် နံပါတ်များ၊ |
| (၇) | Box-7 | အထုတ်အမျိုးအစားနှင့် အရေအတွက်၊ ကုန်စည်အမျိုးအစားဖော်ပြချက် (အရေအတွက်နှင့် ကုန်တင်ပို့နိုင်ငံ၏ HS code) |

| | | |
|---|---|---|
| (၈) | Box-8 | ပင်ရင်းမှတ်ကျောက် (ပုံစံကျောဘက်တွင် ကြည့်ရှုရန်)၊ |
| (၉) | Box-9 | အကြမ်းဖျဉ်းအလေးချိန် (သို့) အခြားပမာဏနှင့်တန်ဖိုး (အကယ်၍ RVC မှတ်ကျောက်အသုံးပြုပါက FOB တန်ဖိုး) |
| (၁၀) | Box-10 | Invoice နံပါတ်နှင့် Invoice ပါနေ့စွဲ။ |
| (၁၁) | Box-11 | Exporter ၏ ကြေညာချက်၊ (တင်ပို့နိုင်ငံ၊ တင်သွင်းမည့်နိုင်ငံ၊ တင်ပို့သူ လက်မှတ်၊ အမည် တံဆိပ်တုံး၊ နေရာနှင့် နေ့ရက်) |
| (၁၂) | Box-12 | CO ထုတ်ပေးသည့် သက်ဆိုင်ရာအာဏာပိုင်၏ အတည်ပြုသည့် လက်မှတ်၊အမည် တံဆိပ်တုံး၊ ထုတ်ပေးသည့် နေရာနှင့်နေ့ရက်၊ |
| (၁၃) | Box-13 | တင်ပို့သည့် ရည်ရွယ်ချက်အလိုက် အမှတ်အသားပြုရန်၊ |

(ခ) **တင်ပို့သည့် ရည်ရွယ်ချက်အလိုက် အမှတ်အသားပြုရမည့် Box 13 အတွက် လမ်းညွှန်ချက်**

| Box | Purpose |
|---|---|
| Third Country Invoicing | တတိယနိုင်ငံကအရောင်းပြေစာထုတ်ပေးသော ကိစ္စရပ်များအတွက် အမှတ်အသားပြုရန်၊ |
| Accumulation | အခြားအာဆီယံအဖွဲ့ဝင်များမှ ကုန်ကြမ်းများပါဝင် ပေါင်းစပ်တွက်ချက်မှု ၁၀၀ % ရှိပါကအမှတ်အသားပြုရန်၊ |
| Back-to-Back CO | မူလ CO ကိုအခြေပြု၍ ထုတ်ပေးသော Back-to-Back CO ဖြစ်ပါက အမှတ်အသားပြုရန်၊ |
| Partial Cumulation | တစ်စိတ်တစ်ဒေသပေါင်းစပ် ထုတ်လုပ်သောကုန်စည်ဖြစ်ပါက အမှတ်အသား ပြုလုပ်ရန်၊ |
| Exhibition | ပြပွဲများအတွက် တင်ပို့သောကုန်စည်ဖြစ်ပါကအမှတ်အသားပြုရန်၊ |
| De Minimis | ဘောင်မဝင်ကုန်ကြမ်းပါဝင်ထုတ်လုပ်သော ကုန်စည်ဖြစ်ပါက အမှတ်အသား ပြုရန်၊ |

| Box | Purpose |
| --- | --- |
| Issued Retroactively | ကုန်စည်တင်ပို့ချိန်အတွင်း (သို့) B/L ရက်စွဲမှ (၃)ရက် အတွင်းမတင်ပို့နိုင်သောကုန်စည်များအတွက် နောက်ကြောင်းပြန် ထုတ်ပေးရာတွင် အမှတ်အသားပြုရန်၊ |

(ဂ) ကုန်စည်သည် ပင်ရင်းမှတ်ကျောက်နှင့် ကိုက်ညီပါက Box 8 တွင် ဖြည့်စွက်ရမည့် အချက်အလက်များအတွက် လမ်းညွှန်ချက်

| No. | Circumstances of production or manufacture in the first country named in Box 11 of this form | Insert in Box 8 |
| --- | --- | --- |
| (a) | Goods wholly obtained or produced in the exporting Member State satisfying Article 27 (Wholly Obtained) of the ATIGA | "WO" |
| (b) | Goods satisfying Article 28 (Non-wholly obtained) of the ATIGA<br>- Regional Value Content<br>- Change in Tariff Classification<br>- Specific Processes<br>- Combination Criteria | - Percentage of Regional Value Content, example "40%"<br>- The actual CTC rule, example "CC" or "CTH" or "CTSH"<br>- "SP"<br>- The actual combination criterion, example "CTSH + 35%" |
| (c) | Goods satisfying paragraph 2 of Article 30 (Partial Cumulation) of the ATIGA | "PC x%", where x would be the percentage of Regional Value Content of less than 40%, |

| No. | Circumstances of production or manufacture in the first country named in Box 11 of this form | Insert in Box 8 |
|---|---|---|
| | | example "PC 25%" |

၁၁။ ဝန်ဆောင်ခနှုန်းထားများ

(က) Manual CO Form

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ (ကျပ်) |
|---|---|---|
| (၁) | ပုံစံတစ်စုံကြေး | ၃၀၀ |
| (၂) | ဝန်ဆောင်ခကြေး | ၃,၀၀၀ |
| (၃) | မိတ္တူမှန် | ၅,၀၀၀ |
| (၄) | ပြင်ဆင်ကြေး | ၁,၀၀၀ |

(ခ) e-CO Application system

(၁) CO Form လျှောက်ထားခြင်း

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ (ကျပ်) |
|---|---|---|
| (ကက) | အွန်လိုင်းအသုံးပြုခကြေး | ၂,၅၀၀ |
| (ခခ) | ဝန်ဆောင်ခကြေး | ၃,၀၀၀ |
| (ဂဂ) | မိတ္တူမှန် | ၅,၀၀၀ |
| (ဃဃ) | ပြင်ဆင်ကြေး | ၁,၀၀၀ |

(၂) Certificate of Product Registration လျှောက်ထားခြင်း

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ (ကျပ်) |
|---|---|---|
| (ကက) | အွန်လိုင်းအသုံးပြုခကြေး | ၂,၅၀၀ |
| (ခခ) | ဝန်ဆောင်ခကြေး | ၅,၀၀၀ |
| (ဂဂ) | မိတ္တူမှန် | ၅,၀၀၀ |

| | | |
|---|---|---|
| (ဃဃ) | သက်တမ်းတိုးကြေး | ၅,၀၀၀ |
| (ငင) | ပြင်ဆင်ကြေး | ၁,၀၀၀ |

(၃) **Certificate of Certified Exporter လျှောက်ထားခြင်း**

| စဉ် | အကြောင်းအရာ | ကျသင့်ငွေ (ကျပ်) |
|---|---|---|
| (ကက) | အွန်လိုင်းအသုံးပြုခကြေး | ၂,၅၀၀ |
| (ခခ) | ဝန်ဆောင်ခကြေး | - |
| (ဂဂ) | မိတ္တူမှန် | ၅,၀၀၀ |
| (ဃဃ) | သက်တမ်းတိုးကြေး | - |
| (ငင) | ပြင်ဆင်ကြေး | - |

၁၂။ **အထွေထွေ**

(က) CO Form ပျောက်ဆုံး၊ ပျက်စီးခြင်းများအတွက် မိတ္တူမှန် (Certified True Copy) ကို တင်ပို့သူလက်ခံမိတ္တူတင်ပြ၍ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) သက်ဆိုင်ရာကစိစစ်ခွင့်ပြုထုတ်ပေးခဲ့သည့် CO Form မိတ္တူ၊ တင်ပို့သူလက်ခံမိတ္တူနှင့် လျှောက်ထားရာတွင် တင်ပြသည့် အခြားအထောက်အထားစာရွက်စာတမ်းများကို CO Form ခွင့်ပြုထုတ်ပေးသည့် နေ့စွဲမှ (၃)နှစ်ထက်မနည်းသိမ်းဆည်းရမည်။

(ဂ) သက်ဆိုင်ရာကုန်တင်သွင်းနိုင်ငံမှ မေးမြန်းသောနောက်ကြောင်းပြန် မေးမြန်းစုံစမ်းမှုများအတွက်အချက်အလက်များပံ့ပိုးပေးရမည်ဖြစ်ပြီး၊ သက်ဆိုင်ရာအာဏာပိုင်နှင့် ပူးပေါင်းဆောင်ရွက်ရမည်။

(ဃ) တင်ပို့သောပင်ရင်းထုတ်ကုန်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများကလာရောက်စစ်ဆေးမှုများကိုလက်ခံ၍ ပူးပေါင်းဆောင်ရွက်ရမည်။

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများနှင့် အကောက်ခွန်သက်သာခွင့်အစီအစဉ်များ၏ ပင်ရင်းနိုင်ငံစည်းမျဉ်းများ၊ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ဆိုင်ရာလုပ်

ထုံးလုပ်နည်းများနှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနကထုတ်ပြန်ထားသော အမိန့်ကြော်ငြာစာများ၊ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာများ၊ အသိပေးအကြောင်းကြားစာများတွင် အသေးစိတ်လေ့လာကြည့်ရှုနိုင်သည်။

(စ) ကိုးကားကြည့်ရှုနိုင်သည့် Website များမှာအောက်ပါအတိုင်းဖြစ်သည်–

www.unctad.org (GSP အစီအစဉ်များနှင့် LDCများအတွက် အစီအစဉ်များ)

www.asean.org (လွတ်လပ်သောကုန်သွယ်မှုဒေသများ)

www.commerce.gov.mm (ပင်ရင်းနိုင်ငံစည်းမျဉ်းဆိုင်ရာကိစ္စရပ်များ)

# CO Application and Issuance Procedure Flow Chart

